# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်နှင့်

## မိုးပျံတိမ်တိုက်



ကိုယ့်ငါးချဉ်ကိုယ်ချဉ်

သမီးရေ...

ယောက်ျားမှန်ရင်

သမီးအဖေကလွဲရင်

ဘယ်သူမှ

ယုံကြည်ရတာမလွယ်ဘူးကွယ့်...

**ချမ်းမြေ့သရဖီလှိုင်**

တရား ရလိုက်ပုံများ

မေတ္တာတွေပို့

စိတ်ပုတီးတွေ ပွတ်

တရားစခန်းတွေဝင်

ကုန်လိုက်ရတဲ့ ဒင်္ဂါးကြေးဆေးဘူးတွေ

တရားစခန်းက ပြန်တဲ့ နေ့မှာ တော့

မျက်နှာကိုရှုံ့မဲ့ပြီး

အမေပြောလိုက်ပုံက

သမီးရေ...

အရင်ဝင်တဲ့ စခန်းလောက် အခုကျောင်းက

ဟင်းချက်မကောင်းဘူးတဲ့ ...

**ချမ်းမြေ့သရဖီလှိုင်**

အိမ်မှာ

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ...

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ...

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ...

ဈေးမှာ

ဟဲ့... ဟိုအကောင်ကြီးကို ထု

ဩော်... ခေါင်းကိုထုစမ်းပါ ကြည့်... ရဲရဲထု ကဗျာဆန်နေပြန်ပြီ

သတ္တဝါဆိုတာ လူ့ချွတ်မှ ကျွတ်တာဟဲ့...

**ချမ်းမြေ့သရဖီလှိုင်**

တစ်နေ့သ၌ ဧရာဝတီမြစ်ကြီး စီးဆင်းရာနေရာနှင့် မနီးမဝေးတွင် ရှိသော ကုန်းမြင့်ကြီးပေါ်တွင် လူငယ်တစ်ယောက်သည် မြစ်ကြီးအတွင်း စုန်ဆင်းသွားလာနေသော ပိန်းကောလှေကြီးများကိုကြည့်၍ အောက်ပါ ကဗျာလေးကို တီးတိုးရေရွတ်နေလေ၏။

'မိုးဦးကာလ ချောင်းကျပြီဆိုလျှင် ပန်းလောင်းကြောမှာ ၊ ပိန်းကောလှေငယ်ရှင်၊ တောင်ဘက်ကယ်တခွင်၊ ထွင်ဝင်ဖောက်ကား၊ ပွဲ့ပါမည့်

သူ၊ မပါလူ၊ ထိုးသူတစ်ယောက် သားငယ်နှင့် လေး'

လူငယ်၏ ကဗျာဆုံးသောအခါ သူ၏ အနီးသို့ ပိန်လှီလှီလူကြီး တစ်ဦးရောက် လာပြီး

"ဝန်ကြီးပဒေသရာဇာရဲ့ တျာချင်းတွေဘာတွေ ရွတ်လို့ ပါလား တိမ်တိုက်ရဲ့ ၊ တကယ်တော့ စာဆိုရှင်ကြီးရဲ့ တျာချင်းထဲမှာ ပါတဲ့ ပိန်းကောလှေဆိုတာ အငယ်စားလေးတွေကွ၊ တကယ်တော့ ပိန်းကောလှေအကြီးစားတွေကို ဗြိတိသျှအစိုးရလက်ထက်ရောက်တော့မှ တည်ဆောက်ကြတာကွ"

ဟု ပြောဆိုလေရာ တိမ်တိုက်ဆိုသောလူငယ်က ဧရာဝတီမြစ်ကြီးအတွင်းရှိ စုန်ဆန်သွားလာနေသော လှေကြီးများကိုကြည့်၍

"ယောက်ျားဖောင်စီး၊ မိန်းမမီးနေဆိုတဲ့ စကားရှိတယ်၊ လှေထိုးသားဘဝကို ကျုပ်သိပ်စိတ်ဝင်စားတယ်ဗျာ၊ သူတို့ ဘဝဟာ စွန့်စားခန်းတွေ အပြည့်ပဲ၊ ကျုပ် လှေထိုးသားလုပ်ချင်လိုက်တာ"

ဟု ပြောလေ၏။ တိမ်တိုက်၏ စကားကြောင့် ပိန်လှီလှီလူကြီးသည် မျက်လုံးပြူးသွားပြီး အထိတ်တလန့်ဖြင့်

"အမလေး မလုပ်လိုက်ပါနဲ့ တိမ်တိုက်ရယ်၊ ဦးတိမ်ညိုသိရင် မိုးမီးလောင်နေပါမယ်၊ ဦးတိမ်ညိုဟာ မင်းကို လှေထိုးသားလုံးဝ မလုပ်စေချင်ဘူး၊ လှေထိုးသားဘဝဟာ ကြမ်းတမ်းခက်ထန်လွန်းလို့ မင်းကို ပညာတွေသင်ပြီး မြို့အုပ်၊ အရေးပိုင်ပဲ လုပ်စေချင်တယ်"

ဟု ပြောလေရာ တိမ်တိုက်က သက်ပြင်းချ၍

"ကျုပ် မြို့ကျောင်းမှာ ခုနစ်တန်းအထိ ပညာသင်ပြီးနေပြီပဲ။ ပညာဆက်မသင်ချင်တော့ဘူး"

ဟု ငြင်းဆန်လေ၏။ ပိန်လိုလိုလူကြီးက ခေါင်းကိုခါယမ်း၍

"ဦးတိမ်ညိုဟာ ကောလိပ်ကျောင်းအထိ ဆက်ပြီး ပညာသင်စေချင်တာတွေ၊ ပညာတွေ အများကြီးသင်ပြီးရင် ရာထူးအကြီးကြီးတွေ ရမယ်လေ"

ဟု ပြောလေရာ တိမ်တိုက်က အဝေးဆီသို့ ငေးကြည့်၍

"ရာထူးအကြီးကြီးတွေ ရပြီးရင် ကျုပ်က ဘာလုပ်ရမှာ လဲ၊ နယ်ချဲ့အစိုးရလက်အောက်မှာ နေပြီး ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်ရမှာ လား၊ နယ်ချဲ့အစိုးရရဲ့ လက်ကိုင်တုတ်လုပ်ပြီး ပြည်သူတွေကို ဂုတ်သွေးစုတ်အမြတ်ထုတ်ရမှာ လား၊ နယ်ချဲ့တွေဟာ ကျုပ်တို့ ပြည်သူတွေကို ဆင်းရဲတွင်းနက်သထက်နက်အောင် လုပ်ပြီး သူတို့ အကျိုးစီးပွားအတွက်ပဲ အလုပ်လုပ်နေကြတာ၊ ဒီလိုလူတွေနဲ့ လက်တွဲပြီး အလုပ်မလုပ်ချင်ဘူး၊ နယ်ချဲ့တွေဟာ ကျုပ်တို့ ပြည်သူတွေ အတွက်တော့ အဆိုးဝါးဆုံး ရန်သူကြီးတွေပဲ"

ဟု တည်ကြည်စွာ ပြောလေ၏။ တိမ်တိုက်၏ စကားကြောင့် ပိန်လိုလိုလူကြီးသည် အထိတ်တလန့်ဖြင့်

"တိမ်တိုက် မင်းဘာကြောင့် ဒီလိုစကားမျိုးပြောရသလဲ၊ နယ်ချဲ့အစိုးရရဲ့ စုံထောက်တွေကြားရင် မင်းကို ထောင်ထဲ ပို့ပစ်လိမ့်မယ်၊ ဒီစကားတွေပြောတတ်အောင် မင်းကို ဘယ်သူသင်ပေးသလဲ"

ဟု မေးမြန်းလေ၏။ တိမ်တိုက်က လက်သီးဆုပ်၍

"ထောင်ထဲကိုရောက်မှာ လည်း ကျုပ် မကြောက်ဘူး၊ မတရား ဖိနှိပ်ချုပ်ချယ်တာကို ပြည်သူတွေက လက်ပိုက်ကြည့်နေရမှာ လား၊ ပြည်သူတွေအားလုံး ညီညီညွတ်ညွတ်နဲ့ နယ်ချဲ့အစိုးရကို တော်လှန်ဖို့ အချိန်

ရောက်ပြီ"

ဟု ကြုံးဝါးလေရာ ပိန်လှီလှီလူကြီးက ပိုမိုထိတ်လန့် လာပြီး

"ဒုက္ခပါပဲ တိမ်တိုက်ရယ်၊ မင်းကို မြို့ကျောင်းကိုပို့ပြီး အင်္ဂလိပ်စာတတ်ကြီးဖြစ်အောင် လုပ်ပါတယ်၊ ဘာဖြစ်လို့ အင်္ဂလိပ်ကို မုန်းတီးရတာလဲ"

ဟု နားမလည်ဟန်ဖြင့် ရေရွတ်လေ၏။ တိမ်တိုက်က ခေါင်းခါယမ်း၍

"ကျုပ်ဘယ်တော့မှ အင်္ဂလိပ်ကို မမုန်းဘူး၊ အင်္ဂလိပ်လူမျိုးတွေဟာ အလွန်အင်မတန် စည်းစနစ်ရှိပြီး ဂုဏ်သိက္ခာနဲ့ ပြည့်စုံကြတာများ တယ်၊ ကျုပ်မုန်းတီးတာက နယ်ချဲ့စနစ်ကိုပါ၊ တကယ်တော့ ကျောင်းမှာ စာသင်နေတုန်းက ဒီလိုအသိပညာမျိုးကို မတတ်ပါဘူး၊ ကျုပ်တို့ ကို ဒီလိုအတွေးအခေါ်မျိုးရောက်အောင် သင်ပေးတဲ့ သူက ကျုပ်တို့ ကျောင်း မှ၁ ဘယာကြော်လာရောင်းတဲ့ ရန်ကနားဆိုတဲ့ ကုလားကြီးတစ်ယောက်ပါ"

ဟု ပြောလေရာ ပိန်လှီလှီလူကြီးက မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး

"ဟင်... ပညာတတ်ဆရာကြီးတွေရဲ့ စကားကို နားမဝင်ဘဲ ဘာဖြစ်လို့ ဗယာကြော်ရောင်းတဲ့ ကုလားရဲ့ စကားကိုမှ နားဝင်ရတာလဲ၊ မင်းရဲ့ ဆရာဟာ မင်းကို ဒုက္ခပေးတဲ့ အင်္ဂုလိမာလလို ဆရာမျိုးဖြစ်နေပြီ"

ဟု အပြစ်တင်လေ၏။ တိမ်တိုက်က ခေါင်းကိုခါယမ်း၍

"ကျုပ်က ဘာဖြစ်လို့ ဆရာတင်မှားရမှာ လဲ၊ ပညာတတ်ဆရာကြီး တွေထက် ရန်ကနားက အများကြီးပိုသိတယ်၊ လောကမှာ ရန်ကနား မ

သိတာ ဘာမှ မရှိဘူး၊ ရန်ကနားဟာ အားလုံးကို ပြောပြတယ်၊ ကမ္ဘာကြီးအကြောင်းလည်း ပြောတယ်၊ သူ့ရဲကောင်းတွေ အကြောင်းလည်း ပြောတယ်၊ စစ်ဘုရင်ကြီးတွေ အကြောင်းလည်း ပြောတယ်၊ ရန်ကနားရဲ့ စကားတွေဟာ နားထောင်လို့ သိပ်ကောင်းတယ်၊ သူဟာ သိပ်ပြီးတော့ ပညာပြည့်ဝတယ်"

ဟု ချီးမွမ်းလေ၏။ ပိန်လှီလှီလူကြီးက မယုံနိုင်ဟန်ဖြင့် ခေါင်းခါ၍

"ပညာပြည့်ဝရင် ဘာဖြစ်လို့ ဗယာကြော်ရောင်းနေလည်း ကွ၊ အရာရှိကြီးတက်လုပ်မှာ ပေါ့၊ ပညာမရှိလို့ ဗယာကြော် ရောင်းနေရတာပေါ့"

ဟု ပြောလေ၏။ တိမ်တိုက်က အဝေးဆီသို့ ငေးကြည့်၍

"ရန်ကနားကပြောတယ်၊ လောကမှာ အဓိပ္ပာယ်ရှိတဲ့ အလုပ်ကိုပဲ သူလုပ်တယ်တဲ့ ၊ လူတွေအားလုံးကို ကောင်းကျိုးပြုဖို့ သူကြိုးစားတယ်၊ သူဟာ သဘာဝထဲမှာ ပဲနေတယ်၊ သဘာဝတရားကို လေးစားတယ်၊ ရင်ထဲမှာ ဘာကိုမှ လည်း ပြည့်သိပ်နေအောင် ထည့်မထားဘူးတဲ့ ၊ လူတွေဟာ ရင်ထဲမှာ အမြဲပြည့်သိပ်အောင် ထည့်ထားတဲ့ အတွက် ဘာကိုမှ မသိနိုင်ဘူးတဲ့ ၊ ထိုးထွင်းသိမြင်နိုင်စွမ်းလည်း မရှိဘူးတဲ့ ၊ တကယ်တော့ လောကမှာ အရာရာကို သိသွားပြီးရင် မေ့ပစ်ဖို့ သိပ်ခက်တယ်၊ သိအောင် လုပ်ဖို့ ထက် မေ့အောင်လုပ်ဖို့ ပိုခက်တယ်တဲ့ ၊ သူ့စကားတွေ အများကြီးကိုလည်း ကျုပ်လည်း မမှတ်မိပါဘူး၊ ဘာပဲဖြစ်ဖြစ် ရန်ကနားရဲ့ စကားတွေကိုတော့ ကျုပ်ကြိုက်တယ်၊ ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်တဲ့ ကျွန်ပညာရေးစနစ်ကို အားမပေးစမ်းပါနဲ့ ကွာတဲ့ ၊ လောကကြီးထဲကိုဝင်ပြီး ပညာတွေကို သင်ယူစမ်းပါတဲ့ ၊ တကယ်တော့ လောကကျောင်းကြီးဟာ အကျယ်ဝန်းဆုံးပါတဲ့ "

ဟု ပြောလေရာ ပိန်လှီလှီလူကြီးက ခေါင်းကိုခါယမ်း၍

"ဒီကုလားကြီးဟာ အရှူးကြီးနဲ့ တူပါတယ်ကွာ၊ မင်းကို ငါသိပ်အံ့သြတယ်၊ မြို့ကျောင်းမှာ ခုနစ်တန်းထိအောင် ပညာတွေ သင်ပြီးမှ အရှူးစကားကို နားဝင်ရတယ်လို့ ကွာ"

ဟု အပြစ်တင်ရင်း ထိုင်ရာမှ ထရပ်လိုက်ပြီး

"ကဲ... ပြန်ကြရအောင်ကွာ၊ ဒီအချိန်လောက်ဆို မင်းအဖေနဲ့ အမေစောင့်မျှော်နေလောက်ပြီ၊ သူတို့ ဟာ ဧရာဝတီမြစ်ကြီးကို မင်းငေးမောကြည့်နေတာ လုံးဝမကြိုက်ဘူး၊ လှေထိုးသားအလုပ်ကို ဝါသနာထုံသွားမှာ စိုးလို့ တဲ့ "

ဟု ပြောလေရာ လူငယ်က ထိုင်ရာမှ ထ၍

"ဒီနယ်တစ်ကြောမှာ အချမ်းသာဆုံး လှေသူကြီးရဲ့ သားဟာ လှေထိုးသားလုပ်ချင်တာ ဘာဆန်းလဲဗျာ"

ဟု ညည်းညူရင်း ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရွာကလေးတွင် အကြီးကျယ်ဆုံး ဆောက်လုပ်ထားသော ကျွန်းအိမ်မည်းကြီးဆီသို့ ပြန်ခဲ့လေ၏။

******

အိမ်ရှေ့သို့ရောက်သောအခါ မြို့မှ ရောက်လာသော ကုန်သည် များ နှင့် စကားပြောဆိုနေသော ဖခင်ကြီး ဦးတိမ်ညိုသည် တိမ်တိုက်ကို မြင်သောအခါ အနီးသို့ခေါ်၍

"လာစမ်းပါဦး သားရယ်၊ ငါ့သား အင်္ဂလိပ်စာတတ်ကြီးကို အဖေ့မိတ်ဆွေ ကုန်သည် ကြီးတွေကို ပြချင်လို့ ၊ ကျုပ်သားဟာ မြို့ကျောင်းမှာ ခုနစ်တန်းတက်နေတယ်ဗျ၊ ဒီနှစ်အောင်ရင် ရှစ်တန်းတက်ရပြီး ကျုပ်သားက ပညာသိပ်တော်တော့ မအောင်မှာ မပူရပါဘူးဗျာ"

ဟု ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ပြောဆိုလေရာ ကုန်သည် များက တိမ်တိုက်ကို တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းချီးကျူးကြကုန်၏။ တိမ်တိုက်သည် ကုန်သည် များ နှင့် ဆက်လက်စကားပြောဆိုရန် ဆန္ဒမရှိတော့သဖြင့် ၎င်းတို့ နှင့် စကားဖြတ်ကာ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့လေ၏။

အိမ်ကြီး၏ အပေါ်ထပ်တွင် မိခင်ကြီး၏ ရှည်လျားသော ဆံကေသာကို အုန်းဆီလိမ်းပေးနေသော မိန်းမပျိုနှစ်ဦးရှိ၏။

မိခင်ကြီးက တိမ်တိုက်ကို စောင်းငဲ့ကြည့်၍

"ငါ့သား ပြန် လာပြီလား၊ ပြီးရင် ထမင်းစားရအောင်၊ ငါ့သား ကြိုက်တတ်တဲ့ ချိုးကြော်နဲ့ စနိုက်ကြော်တွေ အများကြီးလုပ်ထားတယ်၊ ဒူးရင်းယိုတွေလည်း ပုလင်းနဲ့ အပြည့် ဝယ်ထားတယ်"

ဟု ပြောလေ၏။ တိမ်တိုက်က ခေါင်းညိတ်၍ အိပ်ခန်းထဲသို့ဝင်ပြီး

အနားယူလေ၏။ အတန်ကြာအောင် အနားယူပြီးနောက် ညစာစားရန် အိမ်ကြီး၏ အောက်ထပ် ထမင်းစားခန်းသို့ ဆင်းလေ၏။

အိမ်ကြီးတစ်ခုလုံး အောက်လင်းမီးနှင့် မှန်အိမ်များကြောင့် လင်းထိန်နေ၏။

ထမင်းစားခန်းထဲတွင် အဖော်ခေါ်ထားသော မိန်းကလေးနှစ်ဦးက စားသောက်ဖွယ်ရာများကို ပြင်ဆင်ပေးနေ၏။

တိမ်တိုက်သည် အောက်လင်းမီးများ နှင့် ထိန်ထိန်ညီးညီး၊ ဟင်းမျိုးစုံလင်စွာ ပြင်ဆင်ထားသော ထမင်းဝိုင်းကိုကြည့်ရှု၍ 'ငါတို့တိုင်းပြည်မှာ ဆင်းရဲသားပြည်သူများအားလုံး မတောင့်မတ စားသောက်နိုင်ရင် ဘယ်လောက်ကောင်းမလဲ'ဟု တွေးလိုက်မိ၏။

ဆရာ ရန်ကနား၏ စကားများ သည် သူ့နားထဲသို့ အစဉ်ထာဝရ ဝင်ရောက်နေကြ၏။

"လူတွေအများကြီးက ထမင်းရည်သောက်နေချိန်မှာ မင်းက ထောပတ်ထမင်းနဲ့ ကြက်ပေါင်ကို ကိုက်ပြီး မြိန်မြိန်ရှက်ရှက်ကြီး စားနေနိုင်လား၊ ဒါ ဆိုရင်တော့ မင်းဟာ တစ်ကိုယ်ကောင်းဆန်တဲ့ လူဖြစ်သွားပြီ၊ လူတွေ အများကြီးရှေ့က မားမားမတ်မတ် ရပ်တည်ပေးတဲ့ သူဖြစ်အောင် ကြိုးစားပါကွာ၊ တကယ်တော့ လူသားအားလုံးက သတ္တဝါဒီတွေပါ၊ ဒါပေမဲ့ အတ္တသမားတွေအားလုံးကြားမှာ အတ္တအနည်းဆုံးလူ ဖြစ်အောင် ကြိုးစားပါ"

တိမ်တိုက်သည် မျက်မှောင်ကြုတ်၍

"အတ္တအနည်းဆုံးလူတဲ့ ၊ အဲဒီလူဟာ ငါဖြစ်နိုင်မလား"

ဟု တီးတိုးရွတ်ဆိုနေမိလေ၏။

တိမ်တိုက်သည် ထိုနေ့ညက တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မမက်ဘူးသော ထူးဆန်းသော အိပ်မက်ကို မြင်မက်လေ၏။

ထိုအိပ်မက်မှာ ဆွတ်ဆွတ်ဖြူနေသော မြင်းဖြူကြီးတစ်ကောင်သည် လေထဲတွင် ပျံဝဲ၍ သူ၏ အနီးသို့ ရောက်ရှိလာ၏။

တိမ်တိုက်သည် မြင်းဖြူကြီးကိုကြည့်၍ စီးချင်စိတ်ဖြစ်ပေါ် လာပြီး မြင်းကြီးအနီးသို့ ပြေး၍ ခုန်တက်လိုက်ရာ မြင်းသည် တစ်ရှိန်ထိုး ထွက်သွားလေ၏။

တိမ်တိုက်သည် မြင်းဖြူကြီး၏ ကျောပေါ်၌ အသည်းတအေးအေး ရင်တဖိုဖိုနှင့် လိုက်ပါသွားပြီးနောက် မြင်းကြီးသည် အတောင်ပံများကို လှုပ်ခါ၍ ကောင်းကင်သို့ စတင်ပျံတက်ရာ အထိတ်တလန့်ဖြင့် ကောင်းကင်သို့ ပါသွားလေ၏။

မြင်းကြီးသည် ကောင်းကင်ထဲတွင် အရှိန်အဟုန်ပြင်းစွာဖြင့် ပျံသန်းသွားလေရာ မြေပေါ်ရှိ လှပသော မြက်ခင်းစိမ်းစိမ်းများ ၊ တောအုပ်များ ၊ တောင်တန်းများ ၊ ဝေ့ဝိုက်နေသော စမ်းချောင်းနှင့် မြစ်ချောင်း အင်း အိုင်များ သည် ရှုချင်စဖွယ် တင့်တယ်လှပေ၏။

မြင်းကြီးသည် တိမ်တိုက်ကိုခေါ်၍ ကောင်းကင်အနှံ့ လိုက်ပါစေပြီးနောက် သူတို့ ခြံဝင်းထဲသို့ ပြန်လည်ဆင်းသက်၏။

တိမ်တိုက်သည် မြင်းကြီးကို နှစ်ခြိုက်လွန်းသဖြင့် မွေးမြူထားရန် ချုပ်ကိုင်ထားလေရာ မြင်းကြီးက ရုန်းကန်၍ ကောင်းကင်သို့ ပျံတက်သွားလေရာ နှမြောတသစွာဖြင့် ကျန်ရစ်ခဲ့လေ၏။

တိမ်တိုက်သည် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ကျဆင်းနေပြီး မြင်းပျံကြီးနှင့် အမှန်တကယ်ပင် ကောင်းကင်၌ ဝဲပျံခဲ့ရ

သလို ခံစားရလေ၏။

တိမ်တိုက်သည် ထိုညက တစ်ညလုံးအိပ်မပျော်နိုင်တော့ဘဲ မိုးလင်းသွားလေ၏။

တိမ်တိုက်သည် မနက်မိုးလင်းသည် အထိ ညက မက်ခဲ့သော မြင်းပျံကြီးကို သတိတရ ရှိနေလေ၏။

******

ထိုနေ့ ညနေသို့ ရောက်သောအခါ ၎င်းတို့ အိမ်သို့ လွန်စွာအသားမည်းပြီး ကျစ်လစ်သန်မာသော လူတစ်ယောက် ရောက်ရှိ လာပြီး အလုပ်လက်မဲ့ဖြစ်နေသဖြင့် လှေထိုးသားအလုပ်ကို လုပ်လိုကြောင်း ခွင့်တောင်းလေ၏။

လှေသူကြီးဦးတိမ်ညိုသည် လွန်စွာအသားမည်းသောသူကို ကြည့်၍ မျက်မှောင်ကြုတ်ကာ

"ကိုယ်လုံးကိုယ်ပေါက်ကတော့ လှေထိုးသားတစ်ယောက်ရဲ့ အင်္ဂါအပြည့်ပဲ၊ ဒါနဲ့ လှေထိုးသားအလုပ်ကို လုပ်ဖူးရဲ့ လား"

ဟု မေးမြန်းလေ၏။ လွန်စွာအသားမည်းသော လူက

"မလုပ်ဖူးပါဘူးဗျာ၊ အရင်းမစိုက် လှေထိုးလိုက်ဆိုတဲ့ စကားရှိလို့ သာ လှေထိုးသားအလုပ်ကို လုပ်ဖို့ စဉ်းစားတာပါ၊ တကယ်တော့ ကျုပ် အကျွမ်းကျင်ဆုံးအလုပ်က ဒီအလုပ် မဟုတ်ဘူး "

ဟု ပြောလေရာ လှေသူကြီး ဦးတိမ်ညိုက စိတ်ဝင်စားဟန်ဖြင့်

"မောင်ရင် အကျွမ်းကျင်ဆုံးအလုပ်က ဘာအလုပ်လဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ အသားမည်းသောလူက လက်မထောင်၍

"ကျုပ် အကျွမ်းကျင်ဆုံးအလုပ်က မြင်းတွေနဲ့ အတူနေတဲ့ အလုပ်ပဲ။ မြင်းတွေအကြောင်းကို ကျုပ် ကောင်းကောင်း နားလည်တယ်၊ မြင်းတစ်ကောင်ကိုမြင်တာနဲ့ ဒီမြင်းရဲ့ ကြန်အင်လက္ခဏာတွေကိုကြည့်ပြီး မြင်းရဲ့ အရည်အချင်းကို ခန့်မှန်းတတ်တယ်၊ မြင်းဆိုးမြင်းယုတ်လား၊ မြင်းကောင်းလားဆိုတာ ခန့်မှန်းနိုင်တယ်"

ဟု ဝံ့ကြွားဟန်ဖြင့် ပြောလိုက်ရာ လှေသူကြီးဦးတိမ်ညိုသည် မျက်လုံးပြူးသွားပြီး

"လှေထိုးသားအလုပ်နဲ့ မြင်းနဲ့ တခြားစီပဲ၊ နေပါဦး မြင်းဆိုးမြင်းယုတ်ဆိုတာ ဘယ်လိုအကဲဖြတ်မှာ လဲ၊ မောင်ရင်ပြောတာနဲ့ ကျုပ်စိတ်ဝင်စားနေပြီ"

ဟု မေးမြန်းလိုက်၏။ ထိုအခါ အသားမည်းသောလူက ခေါင်းညိတ်၍

"စိတ်ဝင်စားရမယ်လေ၊ လူဟာ မြင်းနဲ့ မကင်းနိုင်ပါဘူး၊ အထူးသဖြင့် လှေသူကြီးလို ဥစ္စာစီးပွားနဲ့ ပြည့်စုံတဲ့ သူဟာ ပိုပြီးတော့ မကင်းနိုင်သေးတယ်၊ မြင်းကောင်းမြင်းသန့်တစ်စီးကို ပိုင်ဆိုင်ထားမှာ ကိုယ့်ရဲ့ ဂုဏ်သိက္ခာတက်မယ်၊ မြင်းဆိုးမြင်းယုတ်တွေရဲ့ အင်္ဂါရပ်တွေကတော့ စီးတဲ့ အခါ ကုန်းကိုခါတယ်၊ နောက်ဆုတ် ကန်ကျောက်တယ်၊ ဆန့်ကျင်ဘက်ကို သွားတယ်၊ သွားကိုဖြဲပြီးပြေးတယ်၊ လည်တိုင်ကို ငုံ့ပြီးပြေးတယ်၊ လူးလဲတတ်တယ်၊ ငုံ့လျှိုတယ်၊ ယိမ်းထိုးပြီးပြေးတယ်၊ စောင်းပြီးပြေးတယ်၊ မတ်တပ်ရပ်တယ်၊ စီးသူကို ပြန်တိုက်တယ်၊ ဦးခေါင်းကို မြှောက်တ

ယ်၊ အစာခွက်ကို ကျင်ကြီးစွန့်တယ်၊ မြင်းဆိုးမြင်းယုတ်ရဲ့ အင်္ဂါရပ် စုစုပေါင်း (၁၇)ချက်ရှိတယ်၊ ဒီလိုမြင်းဆိုးမြင်းယုတ်မျိုးကို ပိုင်ဆိုင်ရင်တော့ လှေသူကြီးဟာ ကံဆိုးပြီမှတ်ပေတော့"

ထိုအခါ လှေသူကြီးက ခေါင်းခါယမ်း၍

"ကျုပ်ကတော့ ဘယ်တော့မှ ကံမဆိုးဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ မြင်းကို ကျုပ်ဘယ်တော့မှ စိတ်မဝင်စားလို့ ဘဲ၊ မြင်းတစ်ကောင်ထက် လှေတစ်စင်းကိုသာ တန်ဖိုးထားတယ်၊ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆန်သွားလာဖို့ အတွက် လှေတစ်စင်းမှာ ဘာတွေ လိုအပ်သလဲဆိုတာကို ကျုပ်စိတ်ဝင်စားတယ်၊ ကျုပ်ဟာ ရေထဲမှာ ပဲ မွေးတယ်၊ လှေတွေနဲ့ အတူ ကြီးပြင်းခဲ့တယ်၊ သေရင်လည်း  ရေထဲမှာ ပဲသေမယ်"

ဟု ပြောလေရာ အသားမည်းသောသူက အံ့သြဟန်မရှိဘဲ

"ဒါ မဆန်းပါဘူး လှေသူကြီး၊ လှေသူကြီးနဲ့ ကျုပ်ဟာ တန်ဖိုးထားမှု ကွားခြားတာတစ်ခုပါပဲ၊ ဝါသနာပေါ်မှာ ရူးသွပ်မှုကတော့ အတူတူပါပဲ"

ဟု ပြောလေ၏။ အသားမည်းသောသူ၏ စကားကြောင့် ၎င်းတို့ စကားကို နားထောင်နေသော တိမ်တိုက်သည် ညက မက်ခဲ့သော မြင်းဖြူကြီးအိပ်မက်ကို သွား၍ သတိရလေ၏။ သူမက်ခဲ့သော မြင်းဖြူကြီးအိပ်မက်နှင့် အသားမည်းသောသူ ရောက်ရှိလာခြင်းမှာ တိုက်ဆိုင်လှ၏။

လှေသူကြီး ဦးတိမ်ညိုသည် မြင်းသမားဘဝမှ လှေသမားဘဝသို့ ပြောင်းလဲရန် ကြိုးစားနေသော အသားမည်းသောသူ၏ စကားအပြောအဆိုနှင့် အမူအရာကိုကြည့်ရှု၍ ဇရှိသောသူဟု သဘောကျကာ

"မောင်ရင့် နာမည်ဘယ်လိုခေါ်သလဲ"

ဟု မေးမြန်း လိုက်လေ၏။ ထိုအခါ အသားမည်းသောသူက လက်ထောင်၍

"ကျုပ်နာမည် အုပ်လှလို့ ခေါ်တယ်၊ ရာဇဝင်ထဲက သူရဲကောင်းတွေရဲ့ နာမည်မျိုးပေါ့"

ဟု ပြောလေရာ လှေသူကြီး ဦးတိမ်ညိုက ခေါင်းတဆတ်ဆတ်ညိတ်၍

"လှေထိုးသားအလုပ်က သက်စွန့်ဆံဖျား လုပ်ရတယ်နော်၊ သူရသတ္တိရှိဖို့ တော့ လိုတယ်"

ဟု သွေးတိုးစမ်းသလို မေးမြန်းလိုက်၏။ အုပ်လှဆိုသော လှေသူကြီး၏ မျက်နှာကို စိမ်းစိမ်းကြည့်၍ လက်ခမောင်းကို တဖြန်းဖြန်းခတ်ကာ

"အုပ်လှကို သူရသတ္တိအတွက်နဲ့ တော့ လာမပြောနဲ့ ဗျာ၊ အရွယ်ချင်းတူရင် ဘယ်သူနဲ့ မဆို လက်ရည်စမ်းဝံ့တယ်၊ မတစ်ထောင် တစ်ကောင်ဘွား၊ ကျားဆိုမှ ကျားပဲ"

ဟု လက်ခမောင်းခတ်လေ၏။ လှေသူကြီး ဦးတိမ်ညိုသည် အုပ်လှဆိုသူကိုကြည့်၍ အတွေးတစ်မျိုးပေါက်သွားလေ၏။

ထိုအတွေးမှာ အုပ်လှကို လှေထိုးသားအလုပ်တွင် စေခိုင်းရန်ထက် သူ၏ စာရိတ္တကို စမ်းသပ်စစ်ဆေး၍ သူ၏ လုပ်ငန်းများကို ဦးစီးရသော အလုပ်တွင် ခိုင်းစေလို၏။

သူသည် လှေသူကြီးအလုပ်နှင့် ကုန်သည် အလုပ်ကို ပူးတွဲလုပ်ကိုင်သော ကြေးရတတ်သူဌေးတစ်ယောက် ဖြစ်လေရာ သူရသတ္တိရှိ၍ ယုံကြည်စိတ်ချရသူ များ စွာလို၏။

သူ၏ တစ်ဦးတည်းသောသား တိမ်တိုက်မှာ လည်း အသက်အရွယ် ငယ်ရွယ်လှသည် ဖြစ်၍ အားကိုးခြင်းငှာ၊ မစွမ်းသာသေးပေ။

ထို့ကြောင့် အုပ်လှကိုကြည့်၍

"မောင်ရင်ကို ကျုပ်ရဲ့ လှေကြီးတွေမှာ အစမ်းခန့်ကြည့်မယ်၊ စိတ်ဓာတ်နဲ့ အရည်အချင်းကို သဘောကျမယ် ဆိုရင်တော့ လုပ်ခလစာအနေနဲ့ မောင်ရင် မနစ်နာစေရပါဘူး"

ဟု ပြောလေရာ အုပ်လှက လက်ကာပြ၍

"ဟိုး ဟိုး ပိုက်ဆံကို ကျုပ် စိတ်မဝင်စားပါဘူး၊ ကမ္ဘာပေါ်မှာ ကျုပ်စိတ်မဝင်စားဆုံးအရာဝတ္ထုတွေထဲမှာ ပိုက်ဆံလည်း တစ်ခုအပါအဝင်ပဲ၊ ကျုပ်ဟာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိတဲ့ ဦးနှောက်ရှိတယ်၊ ခွန်အား သန်မာတဲ့ လက်တွေခြေထောက်တွေ ရှိတယ်၊ ဒါတွေရှိနေသရွေ့ ကမ္ဘာပေါ်မှာ ကျုပ် အသက်ရှင်နေထိုင်လို့ ရတယ်၊ ကျုပ်ဟာ ထမင်းစားဖို့ အလုပ်လုပ်တာ မဟုတ်ဘူး ၊ ကမ္ဘာကြီးမှာ နေထိုင်အသက်ရှင်ဖို့ ထမင်းစားတာဖြစ်မယ်၊ ဒါကြောင့် လှေသူကြီး ကျုပ်ကို လုပ်ခလစာအကြောင်း မပြောပါနဲ့ ၊ အလုပ်ရဲ့ အကြောင်းကိုပဲ ပြောပါ၊ ကျုပ်ဟာ ပိုက်ဆံထက် အလုပ်ရဲ့ ဂုဏ်ကို ပိုတန်ဖိုးထားတယ်၊ အလုပ်လုပ်တယ်ဆိုတာကလည်း ကမ္ဘာပေ ါ်မ ၂ာ ကျုပ်ရှိနေသေးကြောင်း ကျုပ်ကိုယ်ကျုပ် သတိပေးတဲ့ သဘောပါ"

ဟု ရှင်းလင်းပြလေရာ လှေသူကြီး ဦးတိမ်ညိုသည် မျက်လုံးပြူးသွားလေ၏။ တိမ်တိုက်ကလည်း အုပ်လှဆိုသူ၏ စကားများကို နှစ်သက်သွားလေ၏။

အုပ်လှ၏ စကားများ သည် မြို့ကျောင်းတွင် ကျန်နေရစ်သော သူ့ဆရာ ကုလားကြီးရန်ကနား၏ စကားများ နှင့် ဆင်တူလှ၏။

လှေသူကြီးဦးတိမ်ညိုသည် အုပ်လှကို စကားမဆက်တော့ဘဲ သူ၏ အလုပ်များ တွင် အစမ်းခန့်ရန် သဘောတူ လိုက်လေ၏။

ထိုနေ့မှ စ၍ အုပ်လှသည် လှေသူကြီး၏ အနောက်သို့ လိုက်ကာ ကုန်သည် အလုပ်များကို ကူညီလုပ်ကိုင်ရလေ၏။

ထိုအခါမှ ပင် လှေသူကြီးဦးတိမ်ညိုသည် အုပ်လှကို အရည်အချင်းရှိသူဖြစ်ကြောင်း သတိပြုမိလေ၏။

အုပ်လှသည် စာရင်းဇယားနှင့် အတွက်အချက်တွင် ကောင်းမွန်စွာနိုင်နင်းပြီး ယုံကြည်စိတ်ချရ၏။

ကုန်သည် များ နှင့် ဆက်ဆံရေးကောင်းမွန်ပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်သူ ဖြစ်၏။ ထို့အပြင် အုပ်လှသည် အနုနှင့် အကြမ်း စွယ်စုံရသူ ဖြစ်၏။

******